

စိတ်ကူးချိုချိုအနုပညာ
TARZAN
တာဇံ
ဖြိုးဝင်းကိုကို
မြန်မာပြန် ဆိုသည်


TARZAN
တာဇံ
ဖြိုးဝင်းကိုကို
မြန်မာပြန်ဆိုသည်
PWK0005
1,500.00 KS

mgyoe.com

တာငံ၊ ဖြိုးဝင်းကိုကို
တမျက်နှာ ၂၆ မျက်နှာ၊ ၁၈.၅ စင်တီ× ၂၅.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*


mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# တာဇံ
# TARZAN

ဖြိုးဝင်းကိုကို
မြန်မာပြန်ဆိုသည်



ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

F-2A

mgyoe.com
mgyoe.com

mgyoe.com



Disney's

# TARZAN

# တာဇံ

ဖြိုးဝင်းကိုကို

မြန်မာပြန်ဆိုသည်

mgyoe.com

mgyoe.com


mgyoe.com

mgyoe.com

အာဖရိက ကမ်းရိုးတန်းအလွန် မုန်တိုင်းထန်တဲ့ ညတစ်ညမှာပေါ့။ သင်္ဘောကြီးတစ်စီးဟာ မီးလောင်ပြီး စတင်နစ်မြုပ်နေပါတယ်။ သင်္ဘောကြီးပေါ်က လူတစ်ယောက်ဟာ သူ့ရဲ့ဇနီးနဲ့သားလေးကို အသက်ကယ်လှေပေါ်တင်ကာ ပင်လယ်ထဲကို ချတယ်။ အသက်ကယ်လှေ ပင်လယ်ထဲရောက်တဲ့အခါ သူဟာ ပင်လယ်ထဲ ခုန်ချလိုက်ပြီး လှေဆီကို ရေကူးသွားတယ်။ လှေပေါ်တက်ကာ တက်များကို ကိုင်ပြီး ကမ်းစပ်ဆီကို လှော်ခတ်ခဲ့တယ်။

သူနဲ့ သူ့မိသားစု နောက်နေ့မနက် ကမ်းစပ်ကိုရောက်တဲ့အခါ ထူထပ်လှတဲ့ သစ်တောကြီးတစ်ခုကို တွေ့လိုက်တယ်။ သူတို့ဟာ နေထိုင်ဖို့ သစ်ပင်ကြီးတစ်ပင်ကို ရှာဖွေတယ်။ ထို့နောက်မှာတော့ သစ်ပင်ပေါ်မှာ အိမ်တစ်လုံး ဆောက်တယ်။

အဲဒီသစ်တောကြီးထဲမှာပဲ နောက်မိသားစုတစ်စု နေထိုင်ပါတယ်။ အဲဒါကတော့ လူဝံမိသားစုတစ်ခုပါ။ ယင်းမိသားစုကိုတော့ လူဝံဖေဖေကြီး ကာချပ်က စောင့်ရှောက်ကာကွယ်ပေးတယ်။ မိသားစုနှစ်စုဟာ တစ်စုနဲ့တစ်စု ဒီလိုတောထဲမှာ နေထိုင်ကြတာကို မသိခဲ့ကြပါဘူး။ ဒါပေမဲ့ တစ်နေ့မှာတော့ ထိုမိသားစုနှစ်စုမှာ တူညီတာတစ်ခု ရှိလာမှာပါ။



F-3A

.mgyoe.com

လူမိသားစုက မိဘများလိုပဲ လူဝံမိဘများဖြစ်တဲ့ ကာချပ်နဲ့ ကာလာကလည်း သူတို့ရဲ့ သားလေးကို ချစ်ကြပါတယ်။ သူတို့ဟာ သူတို့သားလေးနဲ့ နာရီပေါင်းများစွာ ပျော်ရွှင်စွာ ကစားလေ့ရှိပါတယ်။ တစ်ညမှာတော့ လူဝံပေါက်လေးဟာ မျက်စိလည် လမ်းမှားပြီး ကျားသစ်ကြီး ဆာဘာရဲ့ ဖမ်းဆီးစားသောက်ခြင်းကို ခံလိုက်ရပါတယ်။

'ကာလာ'ဟာ ရင်ကွဲကာ ဝမ်းနည်းပူဆွေးခဲ့ရပါတယ်။ တစ်နေ့မှာတော့ သူမဟာ ထူးဆန်းတဲ့ အော်ငိုသံတစ်ခုကို ကြားခဲ့ရတယ်။ သူမဟာ အသံနောက်ကို လိုက်သွားတဲ့အခါမှာ လူမိသားစု ဆောက်ထားတဲ့ သစ်ပင်ပေါ်က အိမ်ကို တွေ့သွားပါတယ်။ သတိထားပြီး အိမ်ထဲကို ဝင်သွားတဲ့ အခါမှာ ကျိုးပဲ့နေတဲ့ ပရိဘောဂတွေနဲ့ ကျားသစ်ခြေရာကို တွေ့ခဲ့ပါတယ်။ အနီးအနားမှာ စောင်နဲ့ အုပ်ထားတဲ့ လူမမယ်ကလေးလေးကို တွေ့သွားပါတယ်။

စပ်စုတဲ့ ကာလာဟာ ကလေးငယ်လေးကို သူမလက်မောင်းနဲ့ ပွေ့ချီလိုက်ပါတယ်။ ကလေးငယ်လေးဟာ သူမရဲ့ရင်ခွင်ထဲကို တိုးဝှေ့ပွတ်သပ်နေပါတယ်။ အဲဒီအချိန်မှာပဲ သူမရဲ့ ခေါင်းပေါ်မှာ တစ်စုံတစ်ခု လှုပ်ရှားတာကို တွေ့လိုက်ရပါတယ်။ အဲဒါကတော့ ကျားသစ်ကြီး ဆာဘာပဲ ဖြစ်ပါတယ်။





mgyoe.com



ကာလာဟာ ကလေးလေးကို အကာအကွယ်ပေးပြီး ပြေးပါတော့တယ်။ ဒါပေမဲ့ ဆာဘာက လိုက်ဖမ်းမိသွားပါတယ်။ ကျားသစ်ကြီးနဲ့ လုံးထွေးသတ်ပုတ်ရင်း ကလေးဟာ ကာလာရဲ့လက်ထဲက လွတ်ကျသွားကာ ပိုက်ကွန်ကြီးတစ်ခုပေါ် ကျသွားပါတယ်။ ဆာဘာက ကလေးနောက်ကို လိုက်ခုန်အုပ်ရာ ပိုက်ကွန်ပေါ်ကျတဲ့အခါ ကလေးငယ်လေးက ပိုက်ကွန်ပေါ်က ပြန်ကန်ထွက်လာပါတယ်။ ထိုအခါ ကာလာက ကလေးလေးကို အနီးကနေဖမ်းပြီး တောထဲကို အလျင်အမြန် ပြေးသွားပါတော့တယ်။

ကာလာက ကာချပ်ကို တွေ့တဲ့အခါ ကလေးလေးကို ပြလိုက်ပါတယ်။ ကာချပ်က ခေါင်းခါပြီး "ဒါက ငါတို့နဲ့ မျိုးမှ မတူတာ . . ." လို့ ပြောပါတယ်။ "မဖြစ်ဘူး . . . မင်း သူ့ကို သွားပြန်ပို့ပေးလိုက်" လို့ ပြောပါတယ်။ "ဆာဘာက သူ့မိသားစုအားလုံးကို သတ်ပြီးသွားပြီ။ တခြားဘယ်သူမှလည်း မရှိတော့ဘူး"လို့ ကာလာက ပြောတယ်။

"ဒါဆို မင်း ခေါ်ထားချင်ထားပေါ့"

"ကာချပ် . . . သူက ကျွန်မတို့အတွက် သားကောင်းလေး ဖြစ်မှာပါ" လို့ ကာလာက ပြောလိုက်ပါတယ်။

"ငါက ခေါ်ထားချင်ထားလို့ ပြောတာ။ ခေါ်ထားလို့ သူက ငါ့သား ဖြစ်မလာနိုင်ပါဘူး" လို့ ကာချပ်က ပြန်ပြောလိုက်တယ်။



mgyoe.com



ကာလာက ထိုကလေးကို တာဇံလို့ နာမည်ပေးလိုက်ပါတယ်။ တာဇံအရွယ် ရောက်လာတဲ့ အခါ သူဟာ တခြားလူဝံငယ်လေးများနဲ့ အတူကစားချင်တယ်။ ဒါပေမဲ့ သူဟာ တခြားလူဝံငယ်များနဲ့အမီ မလိုက်နိုင်ဘူး။ တစ်နေ့ ဆင်ရေတံခွန်နားမှာ သူတို့ကစားနေကြစဉ် 'တားခ်' ဆိုတဲ့ လူဝံမလေးက တာဇံကို စိတ်ဓာတ်ကျအောင် ကျီစားခဲ့ပါတယ်။ သူမက တာဇံကို မဖြစ်နိုင်တဲ့ တာဝန်တစ်ခုကို လုပ်ခိုင်းခဲ့တာပါ။ "တာဇံ ... နင် ငါတို့လို အမွေးပေါက်အောင် ဆင်တွေရဲ့ အမွေးတွေ သွားယူပါလား"လို့ ခိုင်းတယ်။

'တားခ်' အံ့သြသွားရပါတယ်။ တာဇံဟာ ရေတံခွန်ထိပ်ကို သွားပြီး ဆင်တွေ ရေချိုးနေတဲ့ ရေတံခွန်အောက်ကို ခုန်ချလိုက်ပါတယ်။ ထိုအခါ တန်တာလို့ခေါ်တဲ့ ဆင်ပေါက်ကလေးဟာ တာဇံ သူတို့ဆီ ပြေးလာတာကို တွေ့သွားပြီး ငါးကြီးလို့ထင်ကာ အော်လိုက်ပါတယ်။ "ပီရန်ဟာ ငါးကြီးကွ. . . ပြေး"လို့ အော်လိုက်တယ်။ ထိုအခါ ဆင်တွေအားလုံးဟာ လန့်ဖျပ်ပြီး တားခ်၊ ကာချပ်၊ ကာလာနဲ့ တခြားလူဝံတွေရှိရာကို တစ်ဟုန်ထိုး ပြေးလာကြပါတော့တယ်။



mgyoe.com

mgyoe.com

လူဝံတွေဟာ ဆင်တွေလာရာလမ်းက ရှောင်ပြေးကြပါတယ်။ သို့သော် လူဝံပေါက်လေး တစ်ကောင်ဟာ မပြေးနိုင်ဘဲ ကျန်ခဲ့ပါတယ်။ ကာချပ်ဟာ လျှပ်စီးလို မြန်တဲ့နှုန်းနဲ့ ယင်းလူဝံပေါက်လေးကို ဆင်ပြေးလမ်းက ကယ်ပေးလိုက်ပါတယ်။ ထိုအချိန်မှာ တားခ်ဟာ တာဇံကို ရေထဲက ဆယ်ပေးလိုက်တယ်။ "တာဇံ သူငယ်ချင်း . . . နင် ငါ့ကြောင့်တော့ မသေပါနဲ့။ နင် တကယ်မလုပ်ဘူးထင်လို့ ခိုင်းလိုက်တာပါ"

ကာချပ်ဟာ တာဇံဆီကို ပြေးလာပြီး "မင်းကြောင့် လူဝံတစ်ကောင် သေတော့ မလို့ကွ" လို့ အော်ဟစ်လိုက်တယ်။

"တောင်းပန်ပါတယ် ကာချပ်" လို့ တာဇံက ပြောလိုက်တယ်။ ထိုအခါ ကာလာက သူတို့နှစ်ယောက်ကြားကို ဝင်ပြီး "သူက ကလေးပဲ ရှိသေးတာပါ" လို့ ဝင်ဖျန်ဖြေပါတယ်။

"ဒါ ဆင်ခြေ မဟုတ်ဘူး။ မင်း သူ့ကို အမြဲကာကွယ်ပေးနေလို့ မရဘူး။ သူ ဘယ်တော့မှ ငါတို့လို ဖြစ်လာမှာ မဟုတ်ဘူးကွ"

ကာချပ်ရဲ့စကားကြောင့် နာကျင်ပြီး တာဇံဟာ တောထဲကို ပြေးဝင်သွားပါတယ်။



mgyoe.com

ကာလာဟာ တာဇံကို တောထဲက ရေကန်လေးနံဘေးမှာ တွေ့ခဲ့ပါတယ်။ တာဇံက ရေကန်ထဲက သူ့ပုံရိပ်ကို ကြည့်ပြီး "ကျွန်တော်က ဘာလို့ အမေတို့နဲ့ မတူရတာလဲ"

ကာလာက တာဇံရဲ့ဘေးမှာ ဝင်ထိုင်ပြီး "ကာချပ်ပြောတဲ့ စကားတွေကို ဂရုမထားပါနဲ့" လို့ ပြောလိုက်တယ်။

"ဒါပေမဲ့ ကျွန်တော့်ကို ကြည့်ပါဦး"


ကာလာက တာဇံရဲ့ လက်တစ်ဖက်ကို ကိုင်ပြီး တာဇံရဲ့ ရင်ဘတ်ပေါ် ဖိထားလိုက်ပါတယ်။

"ဘာခံစားရသလဲ"

"ကျွန်တော့်ရဲ့ နှလုံးပေါ့"

ထို့နောက်မှာ ကာလာဟာ တာဇံရဲ့ နားရွက်ကို သူမ ရင်ဘတ်ပေါ် ဖိထားလိုက်ပြီး "တွေ့လား အမေတို့တစ်တွေ အားလုံးဟာ အတူတူပါပဲ။ ကာချပ်က ဒါကို နားမလည်တာပါ"

တာဇံက ကာလာရဲ့ ရင်ဘတ်ထဲကို တိုးဝှေ့လိုက်ပြီး ကျွန်တော် သူ နားလည်အောင် လုပ်ပြမယ်။ ကျွန်တော် အတော်ဆုံးလူဝံ ဖြစ်ရမယ်'



mgyoe.com




နှစ်တွေ အတန်ကြာပြီးနောက်မှာတော့ တာဇံဟာ သန်မာထွားကျိုင်းပြီး တောထဲက တိရစ္ဆာန်တွေအားလုံးကို လေ့လာသင်ယူပြီး ကျွမ်းကျင်မှုတွေ ရလာပါတယ်။ တားခ်နဲ့ တန်တာဟာလည်း သူ့လိုပဲ အရွယ်ရောက်လာပါတယ်။ သူတို့သုံးယောက်ဟာ သူငယ်ချင်းတွေ ဖြစ်လာကြပါတယ်။ တစ်နေ့မှာတော့ တားခ်နဲ့ တာဇံဟာ ဆော့ကစားရင်း နပန်းလုံးနေစဉ်မှာ ရန်သူဟောင်းကြီးဖြစ်တဲ့ ဆာဘာကျားသစ်ဟာ ချုံတွေထဲက ခုန်ထွက်လာပါတယ်။

ကာချပ်က သူ့မိသားစုကို ကာကွယ်ဖို့ ပြေးဝင်လာပါတယ်။ ဒါပေမဲ့ ဆာဘာဟာ သူမရဲ့ လက်သည်းများနဲ့ ကာချပ်ကို ခုတ်ရင်း ကာချပ်ဟာ မြေပြင်ပေါ်ကို လဲကျသွားပါတယ်။ ဆာဘာက ကာချပ်ကို သတ်ဖို့ ရှေ့တိုးလာစဉ်မှာ တာဇံက လှံချွန်တစ်ခုကို ကိုင်ပြီး နွယ်ပင်တွေကို ဆွဲဆင်းလာပါတယ်။ ဆာဘာက လှံချွန်ကို ပုတ်ထုတ်လိုက်ပြီး တာဇံကိုပဲ ခုန်အုပ်လိုက်ရာမှာ နှစ်ယောက်လုံး တွင်းကြီးတစ်ခုထဲ ကျသွားပါတယ်။ ခဏအကြာမှာတော့ ဆာဘာဟာ တွင်းထဲကနေ တက်လာပါတယ်။ သူ့ဘာသာသူ တက်လာတာ မဟုတ်ပါဘူး။ တာဇံက အသက်မရှိတော့တဲ့ ဆာဘာ့ခန္ဓာကိုယ်ကို သူ့ရဲ့ခေါင်းအပေါ်အထိ မြှောက်တင်လိုက်တာ ဖြစ်ပါတယ်။ တာဇံက အောင်မြင်မှုနဲ့ ကြုံးဝါးတဲ့အခါ လူဝံတွေအားလုံးက ကောင်းချီးပေးကြပါတယ်။



mgyoe.com



mgyoe.com

တာဇံက သူ့ရဲ့ ရိုသေလေးစားမှုကို ပြသတဲ့အနေနဲ့ ဆာဘာကို ကာချပ်ရဲ့ ခြေအစုံအောက်မှာ ချပေးလိုက်ပါတယ်။ ဒါပေမဲ့ ကာချပ် စကားမပြောနိုင်ခင်မှာပဲ သေနတ်သံတွေ ဆင့်ဆင့်ထွက်လာပါတယ်။ တာဇံက လှည့်ကြည့်ပြီး "ဘာသံလဲ"လို့ မေးလိုက်တယ်။

ကာချပ်က ဟိုဟိုဒီဒီကြည့်ပြီး "လာ. . . သွားစို့။ အားလုံးပဲ" လို့ ပြောကာ တခြားသူများ အားလုံးကို တောထဲကို ပြန်ခေါ်သွားပါတယ်။ ဒါပေမဲ့ တာဇံကတော့ သိချင်နေပါတယ်။

သစ်ပင်တစ်ပင်ပေါ် တက်ပြီး ကြည့်လိုက်တဲ့အခါ ထူးဆန်းတဲ့သတ္တဝါတစ်စု လာနေတာကို သူ တွေ့လိုက်ပါတယ်။ နှစ်ယောက်က ယောကျ်ားဖြစ်ပြီး တစ်ယောက်ကတော့ မိန်းကလေးပါ။ သူ့နာမည်က ဂျိန်း ဖြစ်ပါတယ်။ သူမက သေနတ်ကိုင်ထားတဲ့ လူကို လှည့်ကြည့်ပြီး "မစ္စတာကလေတန် . . . စိတ်မရှိပါနဲ့။ ကျွန်မနဲ့ ကျွန်မအဖေတို့က လူဝံတွေကို လေ့လာဖို့ ဒီခရီးထွက်လာတာ။ ရှင့်သေနတ်သံကြောင့် လူဝံတွေ ထွက်ပြေးကုန်မှာပဲ"လို့ ပြောလိုက်ပါတယ်။




mgyoe.com

mgyoe.com

ဂျိန်းက ရှေ့ကို ဆက်လျှောက်စဉ်မှာ မျောက်ဝံပေါက်လေးတစ်ကောင်ဟာ သစ်ပင်နောက်က ပြေးထွက်လာပါတယ်။ မင်းက ငါတို့လိုက်ရှာနေတဲ့ဟာလေးလားကွလို့ ဆိုကာ သူမရဲ့ ပုံဆွဲစာအုပ်ကို ထုတ်ပြီး မျောက်ဝံပေါက်လေးပုံကို ဆွဲလိုက်ပါတယ်။ "မင်းက လူဝံတော့ ဟုတ်ချင်မှ ဟုတ်မယ်။ ဒါပေမဲ့ တကယ်ချစ်စရာကောင်းတဲ့ ကောင်လေးပဲ" လို့ ပြောလိုက်တယ်။

မျောက်ဝံလေးဟာ သူမရဲ့စာအုပ်ကို ဖမ်းဆွဲပြီး တောထဲကို ပြေးဝင်ပျောက်ကွယ်သွားတယ်။ ဂျိန်းက နောက်က လိုက်ပြီး ကြိမ်းမောင်းပါတယ်။ ခဏနေမှာပဲ သူမကို ဒေါသထွက်နေတဲ့ မျောက်ဝံတွေ ရာချီပြီး ဝိုင်းနေတာကို တွေ့လိုက်ရတယ်။ သူမ ပြေးဖို့ ကြိုးစားနေစဉ်မှာ မျောက်ဝံတွေက တိုက်ခိုက်ပါတော့တယ်။

တာဇံက နွယ်ကြိုးကို ဆွဲဆင်းလာပြီး ဂျိန်းကို လေထဲ ဆွဲခေါ်သွားတယ်။ ဂျိန်းက မြေပြင်ကို ကြည့်ပြီး "အမယ်လေး ငါ လေပေါ် ပျံနေတာပါလား"လို့ အော်လိုက်တယ်။ မျောက်ဝံတွေ အတန်ကြာလိုက်လာပြီးနောက်မှာ သူတို့ဟာ သစ်ပင်ပေါ် ရောက်ပြီး လွတ်မြောက်သွားကြတယ်။





mgyoe.com